ရွှေစကား စာပေ

# မြသန္တာ

## ဝေးလွင့်ငှက်တို့၏ ကောက်ကြောင်းရာဇဝင်



## အခန်း(၁)

သွေး ... အရေးပေါ် သွေးတစ်ပုလင်းဟာ ဤမျှလောက် အရေးပါလိမ့်မည်ဟု မထင်ခဲ့ပေ။

သွေးအလှူခံဌာနသို့ နောက်တစ်ကြိမ် ရောက်လာခဲ့ရသဖြင့် မျက်နှာပူပူနှင့် မဝံ့မရဲ ဖြစ်မိသည် ။ သို့ရာတွင် ဖခင်ကြီး၏ အားပေး စကားသံများကို ကြားယောင်လျက် လေ့ကားထစ် သုံးလေးထစ်အား တွန့်ဆုတ်မနေဘဲ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့သည် ။

"သမီး ... အမှန်တရားဟာ ကြောက်စရာ မဟုတ်ဘူး ၊ ကိုယ်မှန်တယ် ထင်ပြီး လျှောက်လာခဲ့ရင် ဘယ်တော့မှ နောက်မဆုတ်ပါနဲ့"

ဒုတိယအကြိမ် သွေးအလှူခံ ဌာနသို့ ရောက်ရှိလာ လေသည် ။

"ဟင် ... ညီမက မနက်ကပဲ လာသေးတယ်"

"ဟုတ်ကဲ့ ... မွေးပြီးပါပြီ၊ သွေးထပ်လို နေသေးလို့ တဲ့ "

သားဖွား ဆရာဝန်ကြီး၏ မေတ္တာရပ်ခံချက် စာရွက်လေးကို စားပွဲပေါ်တင် ပေးလိုက်၏။ မိန်းကလေးက ယူကြည့်လိုက်ပြီး ...

"ခဏနော်"

ရုံးခန်းထဲသို့ ဝင်သွားသည် မှာ တစ်ကမ္ဘာလောက် ကြာသည် ဟု ထင်မှတ်မိသည် ။ ခုတင်ပေါ်တွင် မိန်းမောလျက် ရှိသော နန်းခင်

မျက်နှာလေးနှင့် မိခင်နို့ကို မစို့ရသေးဘဲ လောကကြီး၏ အေးစက်သော ပြင်ပလေကို ခံယူပြီး ထိန်လန့်စွာ ငိုကြွေးနေသော ကလေးလေး ...။

သားလေး တက်နေလင်း၊ စနေနေ့မှာ မွေးပြီး လင်းအရုဏ်တက်ချိန်မှာ မွေးသော သားလေးမို့ တက်နေလင်းဟု နာမည်ပေးကာ မချီရဲ မကိုင်ရဲနှင့် ပြုံးပီတိနှင့်ကြည့်ကာ ...

"မင်္ဂလာပါ တက်နေလင်း ... မင်းကို ဘယ်သူကကြိုကြို မကြိုကြို မင်းမေမေနဲ့ ဒေါ်လေးတို့ က ကြိုဆိုပါတယ် သားလေး တက်နေလင်း" ဟူ၍ နှုတ်ဆက်စကား ဆိုလိုက် သေးသည် ။

"ကဲ ... မိန်းကလေး သွေးလို ပြန်ပြီ၊ ပြေးပါဦးကွယ်"

အလွန်သဘော ကောင်းသော ဒေါက်တာမကြီး ဒေါက်တာ ဒေါ်တင်စိုးက ပြောလိုက်သဖြင့် သူမသည် ဆေးထောက်ခံချက်ကို ကိုင်ကာ သွေးလှူရှင် ဌာနသို့ အပြေးအလွှား ပြေးရပြန်သည် ။

နှစ်ညလုံးလုံး ယောက်မကို ဆေးရုံပေါ်မှာ တင်ထားပြီး သူမက အနားမှာ ငုတ်တုတ် ထိုင်ကာ ငိုက်တစ်လှည့် မေးတစ်လှည့်နှင့် အင်္ဂလိမာလသုတ်၊ သမ္ဗုဒ္ဓေတို့ ကို ရွတ်ဖတ်ရင်းက ယောက်မ ဝမ်းကိုပင် အပြည့် ဖြည့် ထားပေးသော်လည်း ကိုယ့်ဝမ်းကို မဖြည့်ဖြစ်ပေ။

"ရပါပြီ ညီမ ယူသွားတော့နော်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

ပြောပြီး ဝမ်းသာအားရနှင့် ထိုင်ရာမှ အထတွင် မိုက်ခနဲ ဖြစ်ကာ မဟူရာ ချောက်ကြီးထဲသို့ စိုက်၍ ကျ သွားတော့သည် ။

"ဟာ ... ညီမ ... ညီမ"

သူမအား ဝိုင်းပွေ့ကာ အရေးပေါ် လူနာခန်းသို့ ဝိုင်းမ လာကြ၏။ ဒေါက်တာများ မရှိသေး။

ခွဲစိတ်ခန်းမှ ထွက်လာသော ဆရာဝန်မကြီးအား ဆွဲခေါ်ကာ သူမကို ကြည့်ခိုင်းကြသည် ။

"ငါ ဝတ်စုံတောင် မချွတ်ရသေးဘူး၊ အသည်းအသန်ပဲဟယ် ... ဒီက လေးတွေက ... "

"လုပ်ပါ မာမီရဲ့ ၊ သနားပါတယ်၊ မေ့သွားလို့ ပါ"

"ဟဲ့ ... သွေးလှူ ထားလို့ လား"

"မဟုတ်ပါဘူး၊ သွေးလိုလို့ လာယူတာပါ၊ နှစ်ခေါက်ရှိနေပါပြီ၊ သူ့ခမျာ ပင်ပန်းသွားတယ် ထင်ပါရဲ့ "

ဝန်ထမ်းများက သူမအား ဝိုင်းပြုစုကြသလို ဒေါက်တာ ဒေါ်ခင်မြင့်ရီ ကလည်း အကြောဆေး သွင်းပေးလိုက်၏။

"အချိုရည်တိုက်၊ ပေါင်မုန့်ကျွေးလိုက်၊ ငါ့အိတ်ထဲမှာ ပေါင်မုန့်ရှိ တယ်၊ အအေးကတော့ အဆင်သင့် မရှိရင် ဝယ်လိုက်ပေါ့၊ ဩော် ... ဒီက လေးမလေးက သိပ်အားနည်း နေတာပါလား"

"ဟုတ်တယ် မာမီ သနားပါတယ်"

"အေး ... ရုပ်ကလေးက အချောလေးဟဲ့၊ သူ့ခမျာ ခရီးကြမ်းကို ဖြတ် လာရတယ် ထင်ပါရဲ့ "

ဒေါက်တာ ဒေါ်ခင်မြင့်ရီအား သူတို့ ဆေးခန်းရှိ ဝန်ထမ်းနှင့် သူနာပြု ဆရာမများက အလွန်ချစ်ကြသဖြင့် မာမီဟု နှုတ်ဖျားမှ မချပေ ။

"ကဲ ... ကဲ ... ပြီးပြီ သတိရလာမှာ ပါ၊ ငွေဝတ်စုံချွတ် ပေးစမ်း၊ ကလေးတွေ ခိုင်းဖို့ ပဲ သိတယ်၊ ဒီမှာ အိုက်လို့ သေတော့မယ်၊ ပန်ကာက ဖွင့်ထားလေ"

"ဟုတ်ကဲ့ မာမီ"

"မီးမလာလို့ ပါ မာမီ ယပ်ခတ်ပေးပါ့မယ်"

"လူနာကို ခတ်ပေးလိုက်"

ဒေါက်တာ ဒေါ်ခင်မြင့်ရီသည် ပျော်ပျော်ရွှင်ရွှင်နှင့် စနောက်ကာ နေတက်သည် ။

ခဏအကြာ မိန်းကလေးက မျက်လုံးလေး ဖွင့်ကြည့်လိုက်၏။

"အလို ... မျက်လုံးလေးလည်း လှပါလား၊ အားအင်ပြည့်ရင် ဘယ်လောက်များ တောက်ပ လိုက်မလဲ၊ ကဲ ... သမီး ဖြည်းဖြည်းထ၊ အအေးသောက်လိုက်၊ မုန့်ကို ဖြည်းဖြည်းစား"

"ကျွန်မ ... ကျွန်မ ပြန်မှ ဖြစ်မယ်၊ အစ်မနန်းက သွေးသိပ်လို နေတာပါ၊ ကျွန်မ အကြာကြီး မေ့သွားလားရှင်"

"သိပ်မကြာပါဘူးကွယ်၊ သုံးမိနစ်လောက်ပါပဲ၊ သမီးက သိပ်အားနည်း နေတာပဲ၊ လိမ္မော်ရည် အေးအေးလေး သောက်လိုက်ရင် အမူးပြေသွားမယ်၊ ပြီးတော့ ... ဒီမှာ အန်တီ့ဆီမှာ ပါလာတဲ့ ဘီစကစ်လေး စားလိုက်ပါလားကွယ်"

"ကျေးဇူးတင် ပါတယ် အန်တီရှင့်၊ မစားတော့ပါဘူး"

မိန်းကလေးက ကပျာကယာ အိပ်ရာမှ ထ လိုက်သည် ကို ဒေါ်ခင်မြင့်ရီက ဖေးမပေးရင်းက ...

"အန်တီ့စကားကို နားထောင်ပါကွယ်၊ မင်း နေကောင်းပြီး အားအင်ပြည့်မှ လူနာကို စောင့်ရှောက် နိုင်မှာ ပါ၊ လူကောင်းက ကျန်းမာဖို့ လိုတယ်လေ "

"ဟုတ်ကဲ့ရှင့်"

ထိုအခါမှ မိန်းကလေးသည် ဒေါ်ခင်မြင့်ရီ ပေးသော မုန့်ကိုစားကာ လိမ္မော်ရည်ကို တဖြည်းဖြည်းချင်း ငုံသောက်လိုက်၏။

"မင်းရဲ့ အစ်မလား"

"ယောက်မပါ"

"ဪ ... ခဲအိုလား မောင်လား သူတို့ မရှိဘူးလား"

"မရှိပါဘူးရှင်၊ ကျွန်မ တစ်ယောက်တည်းပါ"

ဒေါ်ခင်မြင့်ရီက မိန်းကလေးအား တစိမ့်စိမ့် ကြည့်ရင်း ကြက်သီးမွေးညင်းများ ထလာ သည် အထိ ချစ်ခင် စိတ်ဝင်သွား မိသည် ။

နှုတ်ခမ်းလေး စေ့ပြီး ဖျော်ရည်ကို ဖြည်းဖြည်း သောက်နေပုံမှာ လွန်စွာသိမ်မွေ့ပြီး နက်မှောင်သော ဆံပင်ရှည်မှာ တင်ပါးအထိ စင်းဖြောင့်ကျကာ နဖူးမှာ ဇွဲလေးပါပြီး ပင့်တင်ထားသည့် ဆံပင်မှာ ကပိုကရို ကျနေ၏။ ဒေါ်ခင်မြင့်ရီက မိန်းကလေးကို ကြည့်နေရင်း ရင်ထဲမှာ ချစ်ခင်စိတ်ဝင်ကာ ...

"ငါ့သမီးလေးသာ ဖြစ်လိုက်ပါတော့ဟယ်"

တစိမ့်စိမ့် ကြည့်ရင်းက ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားပြီး ကြက်သီးထသွားလေ၏။ မထင်မှတ်ဘဲနှင့် ပိတုန်းရောင် ဆံကေသာ လေးကို လက်ကလေးနှင့် အသာပင့်ပေးပြီး သတိမေ့သွားစဉ် ပွေ့ထူချီမရင်းက ဆံပင်

ပွကာ အစည်းအနှောင် အထိန်းအသိမ်းမဲ့ သွားဟန် တူသည် ။

"ရော့ ... ဒီဆေးလေး သောက်ပြီး ငါးမိနစ်လောက် နားလိုက်နော်၊ ပြီးမှ ပြန်ပေါ့ကွယ်၊ ခေါင်းပေါ့ သွားအောင် ဆံပင်လေးစည်း ထားပါလား"

"ကျွန်မ ညှပ်ကလေး ... "

မိန်းကလေးက ဟိုဟိုဒီဒီ ငုံ့ရှာနေစဉ် ...

"နေနေ သိပ်မလှုပ်နဲ့ ၊ ခဏလေး ... "

ဒေါ်ခင်မြင့်ရီသည် ကိုယ့်ကိုယ်ကိုယ် မထင်မှတ်သော အပြုအမူကို ပြုလုပ်လိုက်၏။ စားပွဲပေါ် တင်ထားသော သူ၏ ရွှေကလစ်ကို ယူကာ မိန်းကလေး၏ ဆံပင်ကို စည်းနှောင်ပေး လိုက်သည် ။ အနက်ရောင်မှ အစိမ်းဘက်သို့ ကူးသွားသည့် ဆံကေသာ ကလေးမှာ ရွှေရောင်ကလစ် ကလေးနှင့် တင့်တယ် လှပလျက် ရှိနေသည် ။

ဖိုသီဖတ်သီ ဆံပင်မှ သပ်ရပ်သွားသောအခါ မိန်းကလေး၏ မျက်နှာလေး ရှင်းသန့် သွားတော့သည် ။

"ကျက်သရေ ရှိလိုက်တဲ့ အလှလေးပဲကွယ်"

ရင်ထဲမှာ တီးတိုး ရေရွတ်လိုက်ရင်းက ...

"သမီးနာမည်  ဘယ်လိုခေါ်သလဲ"

"ခြူးနေနီပါ"

"ခြူးနေနီ ... သိပ်ချစ်စရာ ကောင်းတဲ့ နာမည်လေးပါလား"

"ကျေးဇူးတင်ပါတယ် အန်တီ၊ ကြင်နာတတ်တဲ့ အန်တီ့ကိုလည်း သမီးမမေ့ပါဘူး၊ အန်တီ့နာမည်က ဒေါက်တာ ဒေါ်ခင်မြင့်ရီနော်"

"ဟင်း ..."

အင်္ဂလိပ်လို ရေးထားသော မိမိ ရင်ဘတ်မှ နာမည်တံဆိပ် ကိုကြည့်ကာ ပြောလိုက်သဖြင့် ပညာတတ်ထဲကပဲဟု မှတ်ချက်ချ လိုက်မိသည် ။

"ကျေးဇူးကြီးပါတယ် အန်တီရယ်၊ ခြူး အားငယ်တာတွေ ပျောက်ပြီး အားတက်လာတာ အန်တီ့ကြောင့်ပါ၊ ခွင့်ပြုပါရှင့်၊ သမီး မြန်မြန်သွားပြီး သွေးထုတ်ပေး ရမှာ မို့လို့ ပါ"

ပြောပြောဆိုဆိုနှင့် မိန်းကလေးမှာ ကပျာကယာ ထွက်သွားတော့သည် ။ သူမနောက်ကျောကို ကြည့်ရင်းက ဒေါ်ခင်မြင့်ရီ ရင်ထဲမှာ လွတ်ဟာသွား သလိုပင်။ နှစ်ပေါင်းများ စွာ အတူနေထိုင် လာသည့် ဆွေမျိုးသားချင်း တစ်ဦး ကွဲကွာသွား သကဲ့သို့ ခံစားလိုက်ရသည် ။

"ခုန ကလေးမက ဒေါက်တာနဲ့ ဘာတော်လဲ"

"ဘာမှ မတော်ပါဘူး စစ္စတာ"

ဒေါ်ခင်မြင့်ရီက အခန်းထဲ ဝင်လာသော စစ္စတာကို အဖြေပေးရင်း ထမင်းစားရန် အတွက် အပြင်သို့ ထွက်မည်အပြု ...

"အဲဒီ ကလေးမလေး ခေါင်းက ကလစ်က ဒေါက်တာ မနက်က ညှပ်လာတာ တွေ့လိုက်တယ်"

"ဟုတ်တယ် ... ကိုယ်ညှပ်ပေး လိုက်တာလေ"

"ရွှေကလစ်ကို ... အဲဒါ ရွှေအစစ် မဟုတ်လား"

"ဟို ... ဟို ... ဟုတ်တယ် အဲဒါ သားဝယ်ပေးတာ မကြာသေးဘူးပဲ၊ သူ ပထမဦးဆုံး ရတဲ့ လစာနဲ့ အမေ့ကို ရွှေကလစ် ဝယ်ပေးတာလေ၊ ငါး မူးသား ကျော်တယ်၊ ကိုယ်က သူ့ဆံပင် ဖိုသီဖတ်သီကို အမှတ်တမဲ့ သပ်

ပြီး ညှပ်ပေး လိုက်တာပါ "

"ဒါ ... ဒါဖြင့် လိုက်တောင်းလေ၊ အို ... ကျွန်မ တောင်းပေးမယ်၊ ကားဂိတ်မှာ ပဲ ရှိမှာ ပဲ"

စစ္စတာကြီးက ပျာယာခတ်ကာ ကပျာကယာ သွားမည်အပြု ဒေါ်ခင်မြင့်ရီက ဟန့်တားလိုက်၏။

"နေပါစေ ... သူ့ရုပ်ကလေးက သိပ်ကျက်သရေ ရှိတာပဲ၊ ကျွန်မ သူ့ကို သိပ်ချစ်လို့ အမှတ်တမဲ့ လုပ်ပေးတာပါ၊ သူသာ ရိုးသားသူဆိုရင် ပြန်လာပေးမှာ ပါ၊ ဒီဆေးခန်းနဲ့ ကျွန်မနာမည်ကို သိသွားတာပဲ၊ သူ့နာမည်က ခြူးနေနီ ... တဲ့ "

***